ဖြစ်စေ နှုတ်ဖြင့် ရွတ်ဆိုနိုင်ပါသည်။ [မြန်မာလူမျိုးအတွက် မြန်မာလို ရွတ်ခြင်းက သာ၍ ထင်ရှားပါသည်။]

**အမှာ။** ။ဤသို့ ရွတ်ဆိုရာ၌ "ဆံပင်"ဟု ရွတ်သည်နှင့်တပြိုင်နက် စိတ်ကလည်း ဆံပင်မှာ ရောက်လျက် အာရုံပြုလျက်ရှိရမည်၊ "မွေးညှင်း"စသည်ကို ရွတ်သောအခါလည်း ဤနည်းပင်တည်း၊ ထို့ကြောင့် ရွတ်ဆိုသောအခါ နှုတ်တက်သလို မြန်မြန် မရွတ်ဆိုရ၊ အသံထွက်သည်နှင့် တပြိုင်နက် သရုပ်ထင်လာအောင် မနှေး မမြန် ခပ်မှန်မှန် ရွတ်ရမည်၊ တခါ တခါ ပြခဲ့သော အနက်မြန်မာပြန်ကို ရွတ်ဆိုပါလေ။

**၂။ စိတ်ရွတ်။** ။နှုတ်ဖြင့် ရွတ်၍ ၃၂-ကောဋ္ဌာသလုံး အတော် ထင်ရှားသောအခါ (နှုတ်ရွတ်သည့် အစဉ်အတိုင်း) စိတ်ဖြင့် စဉ်းစားပါ၊ [ဤသို့ ဆင်ခြင်ဘန်များသောအခါ "ဆံပင်"ကို ဆင်ခြင်လိုက်လျှင် "ဆံပင်" တည်းဟူသော အထည်ဒြပ်ပေါ်တွင် စိတ်မနားဘဲ "ဆံပင်၏ စက်ဆုပ်ရွံရှာ မသတီစရာ" တိုင်အောင် စိတ်ရောက်သွားပါလိမ့်မည်၊ ထိုအတိုင်း "ကျင်ငယ်၏ စက်ဆုပ်ရွံရှာ မသတီစရာ" အထိ စိတ်ရောက်အောင် မှန်မှန်ကြိုးစားပါလေ။]

**ရွတ်၍ ကမ္မဋ္ဌာန်းပေါက်။** ။ရှေးတုန်းက "မဟာရေဝ"ဆရာတော်ကြီးထံ၌ မထေရ် ၂-ပါး ကမ္မဋ္ဌာန်းတောင်းကြသည်၊ ဆရာတော်ကြီးသည် ဤကောဋ္ဌာသကမ္မဋ္ဌာန်းကိုပင် လေးလလုံးလုံး ရွတ်ဆိုနေဘို့ရန် မိန့်တော်မူ၏၊ ထိုမထေရ် ၂-ပါးသည် နိကာယ် ၂-ပါး ၃-ပါး ဆောင်ထားသော စာတတ်ပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း ဆရာတော်ကြီးစကားကို လေးစားသောအားဖြင့် ရွတ်ဆိုနေ